www.burmeseclassic.com

# ဖတ်ချင်ဖွယ်ရာအဖြာဖြာ

တခါတရံ ပျင်းပျင်းရှိ၍ စာအုပ်လှန်လိုသောအခါ အောက်ပါ ထိုရာအကြောင်းရပ်တို့မှ ဆွဲရာရွေးနုတ်၍ လေ့လာ ပါက စာရှုသူသည် အပျင်းလည်းပြေ ဗဟုသုတလည်းပွားပေလိမ့်မည်။ ထိုင်ရာမထဘဲ ကမ္ဘာ့မြို့ကြီး၊ နယ်ကြီး၊ နိုင်ငံကြီးများသို့ရောက်၍ ပုဂ္ဂိုလ်ကျော်များနှင့် ရင်းနှီးစွာ ကမ္ဘာ့သမိုင်းကိုလည်း သုံးသပ်ခွင့် ရနိုင်မည့်ပြင် သိပ္ပံပညာ၏ အံ့ဖွယ်ရာအကြောင်းများကိုလည်း သိနားလည်လာပေလိမ့်မည်။ ထို့မှမက အနာရောဂါကွယ်များ၏အရေးသာကိုပါ ထင်ရှားစွာခံစားရမည့်ပြင် အားလပ်ရိုက် အပျင်းပြေရန် နည်းများလည်း ရရှိပေတော့။


ထင်ပေါ် ကျော်ကြားပုဂ္ဂိုလ်များ

ဗုဒ္ဓသာသနာဝင်ပြောင်စေသောကျေးဇူးရှင်များ ... ၁၀၅
ခရစ်ယာန်သာသနာပြုဆရာမကောရှင် ... ၂၁၁
တရုတ်ပထဝီဗာတပည့်ရှင် ... ၂၁၆
ခရစ်ယာန်တို့၏ကယ်တင်ရှင် ... ၂၆၈
အင်္ဂလိပ်ကဗျာစာဆိုတို့၏ဖခင် ... ၃၅၅
ကမ္ဘာ့အသံရှင်ရုပ်ရှင်လူရွှင်တော် ... ၃၇၅

လောကီထူးမှတ်လူတို့ဇာတ်

ပဌမမြန်မာနိုင်ငံတော်ကိုစည်းလုံးပေးခဲ့သောမင်း ... ၉၁
ကမ္ဘာ့ဗလူမျိုးတို့၏ဘိုးဘေးအနွယ် ... ၂၄၀
ခရစ်ယာန်သာသနာပြုမြင်ပြောင်းလဲရေး ... ၂၃၂
မိခင်ဦးစီးသည့်အိမ်ထောင်စုစနစ်ရှိသောလူမျိုး ... ၂၇၂
ဗြိတိသျှအင်ပိုင်ယာဘုတ်မြစ်ချောင်ပွဲ ... ၂၉၂

သစ်ပင်ပန်းမာလ်တိရစ္ဆာန်

အရွက်လှ၍အပွင့်မွှေးသောအပင်မျိုး ... ၃၁
ကမ္ဘာ့ရိုက္ခာချက်သတ္တဝါ ... ၇၅
လူစကားပြောနိုင်သည့်မြွေစိမ်းရောက် ... ၁၆၃
မြန်မာ့ယဉ်ကျေးမှုတွင်အရေးပါသောအပျက် ... ၂၂၃
လူ့စိတ်နှင့်အနီးစပ်ဆုံးသတ္တဝါ ... ၃၇၀
ငှက်များရောဂါဖြစ်စေသောအင်းဆက်ပိုး ... ၄၂၆
အလေ့ကျပေါက်သောရွှေဥဒေါင်းလူတို့၏အစာ ... ၄၃၀

တမြေရပ်ခြားဒေသများ

မြင်သစ်ဆန်းသည့်ကနေဒါနယ်တနယ် ... ၁၉၅
သံနှင့်သံမဏိလုပ်ငန်းထွန်းကားသောရုရှနိုင်ငံ၌ ... ၂၉၀
တောင်အမေရိကတိုက်အနောက်ကမ်းရိုးတန်း
နိုင်ငံ ... ၃၇၃
ခေါင်းဆောင်ကြီးမှာဆာရစ်ပြုစုခဲ့သော
အမေတနိုင်ငံ ... ၃၆၀

ထိကျသိကောင်းအရပ်ရပ်

လူထုအတွက်ထိန်းသိမ်းအပ်သောသဘာဝ
အမွေအနှစ် ... ၂၀
အနာရောဂါကိုကာကွယ်သော
နည်းလမ်းကောင်း ... ၉၆

ကရုဏာရှင်များ၏လက်တွေ့ကူညီမှု ... ၁၅၄
လူမှုရေးစံနစ်တခု ... ၂၈၀
ရွှေ့မှုတဆင့်လူသို့ကူးစက်သောရောဂါ ... ၄၁၄

သုခုမင်ကြောင်းစုံလင်

သမိုင်းဝင်ခေတ်ဦးကမှတ်တမ်းတင်နည်း ... ၃၇
ဂုဏ်ထူးနှင့်ဘာသာအတွက်
အဆောင်အယောင် ... ၈၄
သာသနာရေးဆိုင်ရာတူရိယာ ... ၁၁၈
ရှေးအကျဆုံးမြန်မာသီချင်း ... ၁၄၉
ထူးခြားထင်ရှားသည့်မြန်မာ့ကျက်သရေဆောင်
ဆင်ယင်မှုတခု ... ၃၀၅

လုပ်ငန်းဆောင်တာအဖြာဖြာ

ကမ္ဘာကြီး၏ခေတ်သစ်ကြော်ငြာနည်းများ ... ၁၄၀
ဒေသသစ်တို့ကိုရှာဖွေ၍ လောကကိုအကျိုး
ပြုသည့်လုပ်ငန်း ... ၂၁၄
စိုးဆောင်ပညာ ... ၃၇၀
ရှေးအကျဆုံးအိမ်တွင်းမှုပညာ ... ၄၃၃

သိပ္ပံအံ့ဖွယ်အသွယ်သွယ်

သိုးမွေးကဲ့သို့ရက်လုပ်နိုင်သောမီးမလောင်ကျောက် ... ၃၅
သိပ္ပံခေတ်တွင်မရှိမဖြစ်သောစိန်နက် ... ၆၀
ကမ္ဘာတလွှားသို့လျှပ်စစ်ဓာတ်မြင့်သတင်းပို့ခြင်း ... ၁၂၄
အာကာသတခွင်ကိုတန်ဆာဆင်သည့်စိန်ပွင့်များ ... ၁၂၉
ခေတ်ပြောင်းပြုလုပ်ရာ၌အသုံးဝင်သောသစ်စေး ... ၄၃၀

မြည်တော်သာရန်အခြင်း

မြန်မာနိုင်ငံတော်၏အရှေ့တံခါးပေါက် ... ၈၇
အမြင့်မြတ်ဆုံးသောဆုလာဘ်အတွက်စီစဉ်သည့်ဌာန ... ၁၀၃
ကယားပြည်နယ်ကမ္ဘာ့ရှမ်းတည်သောနယ် ... ၁၇၅
မောင်လမ်းဒေသကရွှေမ်းအနွယ်ဖွားတိုင်းရင်းသား ... ၁၉၉

အားလပ်ချိန်ဝယ်ပျော်ရွှင်ဖွယ်

လူတို့စိတ်ပျော်ရွှင်ရာကြက်ပွဲ ... ၁၆၄
အိန္ဒိယနိုင်ငံကထုတ်သောကစားနည်း ... ၁၆၈
မြန်မာ့ဓာတ်ဖြစ်သောကစားခုံစားနည်း ... ၄၃၃


www.burmeseclassic.com

www.burmeseclassic.com

# ဗဟုသုတစစ်တမ်း

ဤကျမ်းတွင် များစွာသောပြဿနာတို့ကို ဖြေရှင်းထားပေသည်။ စာရှုသူသည်မိမိမည်မျှမှတ်မိ၍ အသိဉာဏ်အခြေ၊ ဗဟုသုတအခြေ မည်မျှကြွယ်ဝနေပြီကို မှတ်ကျောက်တင်ကြည့်ရန်အောက်ပါမေးခွန်းများဖြင့် စစ်တမ်းထုတ်သင့်ပေသည်။ အကယ်၍ အဖြေမပေးနိုင်ရှိအံ့၊ ညွှန်းထားသောစာမျက်နှာတွင် ဖြန့်လည်မတ်ရှုလေ့လာရန်တိုက်တွန်းရပေသည်။


၁။ ကျောက်ကပ်၏ကိစ္စကားအဘယ်နည်း။ ......... ......... ......... ......... ......... ၂၈
၂။ ရှေးဦးဆုံးကျောက်စာရေးထိုးသောလူမျိုးမှာမည်သည့်လူမျိုးဖြစ်သနည်း။ ......... ......... ၃၇
၃။ ကျောက်ဖြစ်ရုပ်ကြွင်းဟူသည်ကားအဘယ်နည်း။ ......... ......... ......... ......... ၅၅
၄။ ကမ္ဘာတွင်စိန်အများဆုံးကိုမည်သည့်ဒေသမှထွက်သနည်း။ ......... ......... ......... ......... ၆၆
၅။ ကျွန်ုပ်စ်သားမင်းသည်မွန်မြန်မာစည်းလုံးခိုင်မြဲရေးကိုမျှော်ကာမည်ကဲ့သို့ဆောင်ရွက်ခဲ့သနည်း။ ......... ၉၅
၆။ နေထက်ကြီးမားရှိပိုမိုတောက်ပသောကြယ်များရှိပါသလော။ ......... ......... ......... ......... ၁၂၉
၇။ ကြယ်တံခွန်သည်အဘယ်ကြောင့်နေမက်သို့အမြဲဦးတိုက်နေသနည်း။ ......... ......... ......... ၁၃၄
၈။ ကြေးငွေနည်းမရိယာဘယ်အမျိုးမျိုးကိုသင်မည်မျှသိသနည်း။ ......... ......... ......... ......... ၁၄၀
၉။ ကြက်ခြေနီအသင်းပေါ် ပေါက်လာရခြင်းကားအဘယ်ကြောင့်နည်း။ ......... ......... ......... ၁၅၄
၁၀။ မည်သည့်သတ္တဝါသည်ရေရကြောက်သလောက်သန့်ရှင်းသနည်း။ ......... ......... ......... ၁၇၆
၁၁။ ကမ္ဘာပေါ် ၌စစ်တပ်တိုင်းအမြဲရှိရသောအခြေခံအင်အားကြီး ၃ ခုကားအဘယ်နည်း။ ......... ......... ၁၈၄
၁၂။ ကိုးနိုင်သည့်ငှက်များရောဂါကိုပျောက်ကင်းစေနိုင်သလော။ ......... ......... ......... ......... ၁၉၅
၁၃။ ကွန်ဆားဗတစ်ပါတီနှင့်လစ်ဗရယ်ပါတီတို့သည်မည်သည့်ပါတီများမှဆင်းသက်ကြသနည်း။ ......... ၂၁၃
၁၄။ ကွန်မြူနစ်နှင့်ဆိုရှယ်လစ်မည်သို့ကွာခြားသနည်း။ ......... ......... ......... ......... ၂၂၀
၁၅။ နန်းတော်တိုင်ကိုထုံးတို့မိဖြ်မိပိလက်ည္ဘိုးကိုကိုယ်တော်တိုင်ဖြတ်သောဘုရင်ကားမည်သူနည်း။ ......... ၂၂၄
၁၆။ ကမ္ဘာတွင်ကျွန်း၏ဂုဏ်သတ္တိများနှင့်ယှဉ်နိုင်သောသစ်ရှိပါ၏လော။ ......... ......... ......... ၂၃၆
၁၇။ ထိန်းရကြက်သားနှင့်ထိန်းမရကြက်သားဆိုသည်ကိုသင်မည်သို့နားလည်သနည်း။ ......... ......... ၂၄၇
၁၈။ ဓမ္မတို့သည်မြန်မာနိုင်ငံရှိမည်သည့်တိုင်းရင်းသားများနှင့်အနွယ်တူသနည်း။ ......... ......... ၂၄၈
၁၉။ ဓရှင့်ကိုပုဆိန်အဖြစ်အသုံးပြုသောလူမျိုးကိုသိပါသလော။ ......... ......... ......... ......... ၂၅၇
၂၀။ ရေကြောင်းသုံးနာရီဟူသည်အဘယ်နည်း။ ......... ......... ......... ......... ၂၆၃
၂၁။ ဗိဇင်အာလတွင်အဘယ်ကြောင့်ခရစ္စမတ်ပွဲပြုလုပ်သနည်း။ ......... ......... ......... ၂၆၇
၂၂။ ခုနစ်ရုပ်ကြယ်နှင့်ဓဝဲကြယ်မည်သို့ခြားနားသနည်း။ ......... ......... ......... ......... ၂၉၂
၂၃။ ဓဲသည်မည်သို့မည်ပုံလူကိုဥပဒ်ပေးနိုင်သနည်း။ ......... ......... ......... ......... ......... ၃၀၀
၂၄။ ခန္တီးရှပ်တို့သည်အဘယ်ကြောင့်အိမ်များကိုတောင်ဖက်သို့မျက်နှာမူ၍ဆောက်သနည်း။ ......... ၃၂၆
၂၅။ ချီလီနိုင်ငံသည်စက်မှုလက်မှုနိုင်ငံလောလယ်ယာစိုက်ပျိုးသည့်နိုင်ငံလော။ ......... ......... ......... ၃၄၈
၂၆။ မြိုမျှော်စေရာထမ်းအမှတ်အဖြစ်အဘယ်ကြောင့်ချိုးငှက်ကိုဆောင်ပြသနည်း။ ......... ......... ၃၅၉
၂၇။ ချက်ကိုဆလိုဗားကီးယားနိုင်ငံဟုအဘယ်ကြောင့်ခေါ် သနည်း။ ......... ......... ......... ၃၆၄
၂၈။ စဥ့်ကူနယ်မြေတိုက်တွင်ရေနံတူးပေါ် ရနိုင်ကြောင်းမည်သူစတင်ထုတ်ဖော် ပြောဆိုခဲ့သနည်း။ ......... ၃၇၆
၂၉။ ချင်းများအဘယ်ကြောင့်ပယ်ထိုးကြသနည်း။ ......... ......... ......... ......... ......... ၃၉၄
၃၀။ ချောင်းဆိုးရခြင်း၏အကြောင်းများကားအဘယ်နည်း။ ......... ......... ......... ......... ၃၉၆
၃၁။ မြန်မာနိုင်ငံရေးတွင်သမတအမည်ဖြင့်ရှေးဦးစွာကျော်ကြားခဲ့သူကားမည်သူနည်း။ ......... ......... ၄၀၆
၃၂။ ချုပ်ဝတ်တန်ဆာကိုအစဦးဆုံးမည်သည့်ပစ္စည်းဖြင့်ပြုလုပ်သနည်း။ ......... ......... ......... ၄၁၆
၃၃။ ပန်းနာရောဂါအတွက်ဆေးဖက်ဝင်သောသစ်ပင်ကိုသိပါသလော။ ......... ......... ......... ၄၃၀
၃၄။ ခြသေ့်နှင့်ကျားကိုမျိုးစပ်နိုင်ပါသလော။ ......... ......... ......... ......... ......... ၄၃၂
၃၅။ နိုင်ငံခြားဘုရင်များထံမှဆုတံဆိပ်အများဆုံးရသည့်ရှေးမြန်မာမင်းမှုထမ်းတဦးကားမည်သူနည်း။ ......... ၄၄၄
၃၆။ မည်သည့်နိုင်ငံများသည်သစ်ကျားပင်ကိုစီးပွားဖြစ်စိုက်ပျိုးကြသနည်း။ ......... ......... ......... ၄၅၉


www.burmeseclassic.com

www.burmeseclassic.com




**ကျေးကျွန်စံနစ်** ။ ။ကမ္ဘာပေါ်တွင် ကိုယ်ပိုင်ကျေး ကျွန်များထားရှိသည့်စံနစ်သည် ရှေးပဝေဏီ အခါကာလက ပင်ပေါ်ပေါက်ခဲ့သည်။ ကမ္ဘာဦးလူတို့သည် ရေကြည်ရာမြက်နုရာ ရှာဖွေယင်း အုပ်စုတစ်ခုနှင့်တစ်ခု အမြဲတစေယှဉ်ပြိုင် တိုက်ခိုက်လေ့ရှိကြသည်။ ပထမသော် နိုင်သည့်အုပ်စုက ရှုံးသည့်အုပ်စုကို တစ်ယောက် မကျန် သတ်ဖြတ်ပစ်လေ့ရှိသည်။ လူတို့သည် ရှာဖွေစား သောက် နေထိုင်သောဘဝမှ ထွန်ယက်စိုက်ပျိုး နေထိုင်တတ်သော အဆင့်အတန်းသို့ ရောက်ရှိလာသောအခါ တိုက်ပွဲတွင်အရှုံးရသူတို့ကို သတ်ပစ်မည့်အစား မိမိတို့လုပ်ငန်းများတွင် ခိုင်းစေရန် ကျွန်အဖြစ်ထားကြသည်။ ကျေးကျွန် စံနစ်သည် ယခုခေတ်မျက်စိတွင် ယဉ်ကျေးမှုနှင့်ဆန့်ကျင် သောစံနစ်တစ်ခု ဖြစ်ငြားသော်လည်း ကမ္ဘာဦးလူတို့အဖို့ ကျေးကျွန်စံနစ် ပေါ်ပေါက်လာခြင်းကား လူ့ယဉ်ကျေးမှု တစ်ဆင့် တက်လာသည်ဟု ဆိုရပေမည်။

ကျေးကျွန်ဖြစ်လာရသည့် အကြောင်းရပ်များမှာ ကြွေးမြီများမပေးဆပ်နိုင်၍လည်းကောင်း၊ ကြီးကျယ်သော ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်မိ၍လည်းကောင်း၊ မိမိ၏ လွတ်လပ်မှုကို လောင်းတမ်းကစားခြင်းဖြင့် ဆုံးပါး၍လည်းကောင်း ဖြစ်သည်။ ရှေးဂျာမန်လူမျိုးတို့တွင် လောင်းတမ်းကစားရာ၌ ရှုံး၍ ကျွန်အဖြစ်ခံရသူများကို တွေ့ရသည်။ ဘုရားဟောဇာတ်နိပါတ်များတွင်လည်း အလောင်းအစား ကစားမှုများတွင် ရှုံး၍ ကျွန်ခံရပုံများ၊ ကြွေးငွေ မပေးဆပ်နိုင်၍ ကျွန်ခံရပုံများနှင့် ပုစ္ဆာပြဿနာကို မဖြေနိုင်၍ ကျွန်ဖြစ်ရပုံများကိုတွေ့ရလေသည်။

ကျွန်များ မွေးမြူထားရှိခြင်းစံနစ်မှာ ရှေးဦးခေတ် အီဂျစ်နိုင်ငံ၊ ဗက်ဗီလုံးနိုင်ငံ၊ ဂရိနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံများတွင် အထူးဖွံ့ဖြိုးခဲ့သည်။ အီဂျစ်နိုင်ငံတွင် ပိရမစ်ခေါ် ဘုရင့်သင်္ချိုင်းဂူကြီးများကို ကျွန်ပေါင်းများစွာတို့ လုပ်ဆောင်ခဲ့ရသည်။ ဗက်ဗီလုံး နိုင်ငံမှ ဘုရင်ဟမ္မူရာဗီ၏ ဓမ္မသတ်ကျမ်းသည် ကျေးကျွန်များကို အသိအမှတ်ပြုသည့်ပြင် ကျွန်ကျင့်ဝတ် သခင်ကျင့်ဝတ်များကို သတ်မှတ်ပေးခဲ့သည်။ ဂရိနိုင်ငံမှပညာရှိကြီး ပလေးတိုးက ဂရိအမျိုးသားအချင်းချင်း ကျွန်မပြုရဟုဆိုသည်။ ထို့ပြင် ကျွန်ကျင့်ဝတ် သခင်ကျင့်ဝတ်များကို ပြဋ္ဌာန်းညွှန်ကြားခဲ့သည်။ ဟီဗြူလူမျိုးတို့သည် မိုးဇက်၏ ဓမ္မသတ်ကျမ်းအရ မိမိတို့လူမျိုးကျွန်များကို ၆ နှစ်လျှင် တစ်ကြိမ်ကျလွတ်လပ်ခွင့်ပေးသည်။ လူမျိုးခြားကျွန်များကိုမူ အနှစ်တစ်ရာလျှင် ၂ ကြိမ်ကျလွှတ်လေ့ရှိသည်။

အိန္ဒိယနိုင်ငံတွင် ဂေါတမမြတ်စွာဘုရား မပွင့်မီကပင် ကျေးကျွန်ထား၍ ခိုင်းစေသော စံနစ်ရှိခဲ့သည်။ ပိဋကတ် ကျမ်းဂန်များအရ အန္တောဇာတ အိမ်ပေါက်ကျွန်၊



ကျေးကျွန်စနစ်ဖျက်သိမ်းသဖြင့် ရွှင်မြူးနေကြသောကပ္ပလီမိသားတစ်စု

ဓနက္ကီတ ငွေဝယ်ကျွန်၊ သာမံဒါသဗျုဂတ ကိုယ်တိုင်ကျွန်ခံသောကျွန်၊ ကရမရာနိတ သုံ့ရကျွန်ဟူ၍ ၄ မျိုးဖော်ပြပါရှိသည်။ မနုကျယ်ဓမ္မသတ်တွင် 'အစဉ်ကျွန် ရိုး၊ သားပေါက်၊ မြေးလတ်၊အောက်ကလက်၊ ကျွန်ထက်၊ ကျွန်ပင်၊ ကျွန်စဉ်'ဟုကျွန် ၇ မျိုးကို ပြဆိုသည်။

အခြားဓမ္မသတ်ကျမ်းများတွင် 'ဟီနကုလ ဓနက္ကီတကျွန်၊ ၎င်းသားသားပေါက်၊ ၎င်းသားမြေးလတ်၊ ၎င်းသားအောက်ကလတ်၊ ၎င်းသားကျွန်ပင်၊ ၎င်းသားကျွန်ရိုး၊ ၎င်းသားကျွန်စင်၊ ၎င်းသားသန္တက'ဟူ၍ကျွန် ခုနစ်မျိုးပြဆိုသည်။ ထိုမှတစ်ပါးကျွန်ခုနစ်ရပ်၊ ကျွန်ရှစ်ရပ်၊ ကျွန်ကိုးရပ် စသည်ဖြင့် ဋီကာများ၌ဖော်ပြပါရှိသည်။ တစ်ဖန် ကျွန် ၉ ရပ်မှတစ်ရပ်လျှင် ၇ မျိုး ၄ မျိုး စသည်ဖြင့် ပွားများလာရာ စုစုပေါင်းကျွန် ၆၇ မျိုးရှိကြောင်း ပြဆို ပြန်သည်။ ပြဆိုခဲ့သော သာမန်ကျွန် များမှတစ်ပါး ဘုရားကျွန်၊ သံဃာကျွန်နှင့် ပုဏ္ဏားကျွန်များလည်း ရှိသေးသည်။ မြန်မာနိုင်ငံတွင် ရှေးအခါက ကျေးကျွန်များကို အဆောင်အယောင်အဖြစ် ထားရှိခြင်း ကျေးကျွန်များကို မွေးမြူခိုင်းစေခြင်းတို့မှာ အိန္ဒိယယဉ်ကျေးမှုမှ ရရှိဟန်တူသည်။ သိင်္ဂါလောဝါဒသုတ်တွင် ကျွန်ကျင့်ဝတ် ၅ ပါး၊ သခင်ကျင့်ဝတ် ၅ ပါးဟု ပြဋ္ဌာန်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com




### မျှတစွာအုပ်ချုပ်တော်မူခြင်း

ကျန်စစ်သားမင်းသည် ဥဿပဲကူစား ငရမန်ကာန်း သူပုန်ကို နှိမ်နင်းနေခိုက်မှာပင် ခမည်းတော်တည်ထောင်ခဲ့သည့် နိုင်ငံသစ်တည်တံ့ခိုင်မြဲမှုအတွက် စည်းလုံးရေးသည် အဓိက ဖြစ်သည်ဟူ၍ ယူဆတော် မူခဲ့ဟန်တူသည်။ မင်းကြီး၏ အုပ်ချုပ်ရေး အစီအမံအဆောင် အရွက်တို့တွင် ထိုယူဆချက်အမူအရာ များကို သိမြင်နိုင်သည်။ ထိုအမူအရာများကား အခြားမဟုတ်၊ လူမျိုးမရွေး၊ ဘာသာမရွေး မျှတစွာ အုပ်ချုပ်သော အမူအရာများပင် ဖြစ်လေသည်။

ကျန်စစ်သားမင်းသည် သက္ကရာဇ်၄၄၆ ခုနှစ်တွင် ပုဂံထီးနန်းကို သိမ်းပိုက်သော်လည်း ၄၄၈ ခုနှစ်( ခရစ် ၁၀၈၆ ခုနှစ် )မှာမှ အဘိသိက်ကို ခံယူတော်မူသည်။ အဘိသိက်ခံယူတော်မူကြောင်း၊ နန်းတော်သစ် တည်တော်မူကြောင်းတို့ကိုကမ္ပည်းကျောက်စာ (ရွှေစည်းခုံကျောက်စာ) ရေးထိုးတော်မူခဲ့သည်။ တည်တော်မူသော နန်းတော်သစ်သည် ပြာသာဒ် ငါးဆောင်ရှိသော ပဥ္စပါသာဒ ဖြစ်လေသည်။ ရွှေစည်းခုံ ကျောက်စာအရ ကျန်စစ်သားမင်းသည် ပုဂံမြို့ကို အခိုင်အခံ့ပြု၍ ဝင်းကိုယ်ရံတော် ၁၀၀၀ ကျော် ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းတော်မူသည်ဟုသိရသည်။ ထိုပြင် ဘိသိက်ပွဲအခမ်းအနားတွင် မှူးမတ်အရာရှိကြီးများဖြစ်သော သံပျင်ကြီး၊ သံပျင်ငယ်များသည်လည်းကောင်း၊ ကလန်အရာရှိများသည်လည်းကောင်း၊ ထိုနောက် ကျေးရွာအကြီးအကဲများဖြစ်သည့် သင်ကြီး၊သင်လျင်တို့သည်လည်းကောင်း တက်ရောက်ဖူးမြော်ကြသည်ဟုလည်း သိရသည်။ ဘုရားများအား ပူဇော်လှူဒါန်းခြင်း၊ ဘိသိက်ပွဲအခမ်းအနား၌ ပရိတ်တော်ရွတ်ဖတ်ခြင်း၊ ပိသနိုး ပူဇော်ခြင်း၊ ဂဝံပတိ ပူဇော်ခြင်း၊ နဂါး ပူဇော်ခြင်းတို့ ရှိသည်ဟုလည်းသိရသည်။ ထို့ပြင်ထိုဘိသိက်ပွဲ အခမ်းအနား၌ရှင်အရဟံ ကြီးမှူးသောရဟန်းတော်များပါဝင်ကြခြင်း၊ ပုဏ္ဏားများလည်း ပါဝင်ကြခြင်း၊ မြန်မာဘာသာသီဆိုခြင်း၊ မွန်ဘာသာသီဆိုခြင်း၊ ပျူဘာသာ သီဆိုခြင်းတို့ ရှိသည်ဟုလည်းသိနိုင်သည်။ တစ်ဖန် ပြည်ရွှေဆံတော်ကျောက်စာအရ မင်းကြီးအကန်တော့ခံပွဲတွင် အချို့တို့သည် နတ်ဝင်သည်အဟန်ပြု၍ သီဆိုကခုန်ကြသည်ဟုလည်း သိရသည်။

အထက်ပါအချက်များကို ထောက်ခြင်းအားဖြင့် ကျန်စစ်သားမင်းသည် မွန်၊ မြန်မာ၊ ပျူအမျိုးသားများကို ခန့်ထားချီးမြှင့်တော်မူကြောင်း၊ ထေရဝါဒကို နှစ်သက်ကြည်ညို၍ အထူး ချီးမြှင့်သူဖြစ်လင့်ကစား မဟာယာနဂိုဏ်း၊ တန္တြဂိုဏ်းတို့ကိုလည်း ချီးမြှင့်တော်မူကြောင်း၊ ထို့ပြင်ပိသနိုး ကိုးကွယ်သောအယူ၊ နဂါးကိုးကွယ်သောအယူ၊ နတ်ကိုးကွယ်

ကျန်စစ်သားမင်း၏ ကောင်းမှုတော်ဖြစ်သော အာနန္ဒာစေတီတော်






www.burmeseclassic.com

www.burmeseclassic.com





အထက်ပုံ။ (ဝဲ) ဗတ်မီနိုကာခေါ် ငွေနားအနက်မျိုး (ယာ) ဗားပလင်းမတ်ရော့မျိုး ကြက်မများ
အောက်ပုံ။ (ဝဲ) ပို့က် လက် ဟွန်းခေါ် ငွေနားအဖြူမျိုးကြက်မ (ယာ) ပို့က်လက်ဟွန်းမျိုး ကြက်မကြီး

တို့ရှိ တောကြက်ရိုင်းများမှ ပေါက်ဖွားလာကြသည်ဟု ဆိုပေသည်။ တရုတ်နိုင်ငံ၌ ဘီစီ ၁၄၀၀ကပင် တောကြက်များကို ယဉ်ပါးအောင် မွေးမြူခဲ့ကြ၍၊ အိန္ဒိယနိုင်ငံ၌ ဘီစီ ၁၀၀၀ မတိုင်မီကပင် မွေးမြူခဲ့ကြသည်။ ထို့နောက် အာရှတိုက်မှတဆင့် ဥရောပတိုက်သို့ ကြက်များ ရောက်ရှိသွား ကြသည်။ တစ်ဖန် ဥရောပတိုက်မှတစ်ဆင့် အမေရိကတိုက်သို့ ရောက်ရှိကြသည်ဟု ဆိုလေသည်။ ယခုထက်တိုင် အာရှတိုက်တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းရှိ တိုင်းနိုင်ငံများတွင် တောကြက်မျိုးများကို တွေ့နေကြရသေးသည်။

ကမ္ဘာပေါ်၌ ကြက်များကို မူလမွေးမြူရာ ဒေသကို စွဲ၍ ငါးမျိုးခွဲထားသည်။ ယင်းတို့မှာ အင်္ဂလိပ်ကြက် မျိုး၊ အာရှကြက်မျိုး၊ ဥရောပကြက်မျိုး၊ အမေရိကန်ကြက်မျိုးနှင့် မြေထဲပင်လယ် ကြက်မျိုးတို့ ဖြစ်ကြသည်။ ကြက်မျိုးတို့တွင် အရွယ်အစား၊ ပုံပန်းသဏ္ဍာန်နှင့် အရောင်အမျိုးမျိုး ကွဲပြားကြသည်။ အာရှမျိုးဝင် ဂျပန်နိုင်ငံရှိ ယိုကိုဟားမား ကြက်မျိုးတွင် အလျားပေ ၂၀ရှည်သော အမြီးရှိ၍အခြားကြက်

တစ်မျိုးတွင်မူ အမြီး ဟူ၍လုံးဝမရှိပေ။ ကြက်အချို့တွင် အမောက်နှင့် လည်ဆံပါရှိသော်လည်း အချို့ကြက်တို့မှာမူ



www.burmeseclassic.com

